မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်

Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. ___Volume 17/ Issue 1/ January / 2024*








***May GOD bless you with Happiness,***
***Success and Wisdom to achieve all your dreams***
***come true 2024 the whole year.***

## 2024 January, Sunday Events




## January Sunday Worship Program

***January 7, 2024 … Holy Communion***
***January 14, 2024 … Regular Sunday Worship Service***
***January 21, 2024 … Regular Sunday Worship Service***
***January 28, 2024 … BCF 47th Anniversary and***
***BCF Official Board Members Consecration Service***
***Guest Speaker:- Saya Saw Hla Shein***

---

## Announcements

***BCF Leaders Retreat and Annual Planning Meeting on***
***January 20, 2024***
***Saturday 9:00 Am - 2:00***
***Please bring Commission Annual Report and Proposals for 2024***

# ❧ ပြန်လည်ဆန်းစစ်ပါ ☙

**ငါတို့သည် အားမလျော့၊ စိတ်မပျက်ဘဲကောင်းသော အကျင့်ကို ကျင့်ကြကုန်အံ့။**
**ထိုသို့တည်ကြည်၍ ကျင့်လျှင် အချိန်တန်သောကာလ၌ အသီးအနှံကို ရိတ်ရကြလိမ့်မည်။**
**ဂလာတိ၊ ၆း၉။**

၂၀၂၄ နှစ်သစ်မှာ လူတိုင်း မိမိရဲ့လုပ်ရပ်တွေကို ဆန်းစစ်ပါ။—

ဘုရားသခင်သည် ကျွန်ုပ်တို့အယောက်စီတိုင်းကို ပျော်ရွှင်စေချင်တယ်။ ဝမ်းမြောက်ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏စွမ်းအား အရည်အသွေး ဖြစ်ကြောင်းကို ကျွန်ုပ်တို့ သိရှိထားပါ၏။ (ဂလတိ၊ ၅း၂၂)

ရယူခြင်းထက် ပေးကမ်းခြင်းက ပို၍ပျော်ရွှင်စေတဲ့အတွက် အမှုဆောင်လုပ်ငန်းမှာ အပြည့်အဝ ပါဝင်တဲ့အခါ၊ သို့တည်းမဟုတ် ညီအစ်ကို မောင်နှမတွေကို နည်းအမျိုးမျိုးနဲ့ ကူညီတဲ့အခါမှာ ပျော်ရွှင်မှုကို ခံစားကြရတယ်။

ကျွန်ုပ်တို့ ပြန်လည်ဆန်းစစ်ရန် သတိပြုရမည့်အချက်များမှာ၊—

ပထမအချက်၊— ကျွန်တော်တို့ရဲ့ပန်းတိုင်ဟာ ဘုရားသခင်အတွက် မိမိရဲ့အကောင်းဆုံးကို ပေးဆက်ဖို့ ဖြစ်သင့်တယ်။ ကိုယ့်ရဲ့အကောင်းဆုံးကို ပေးဆက်နေတယ်ဆိုရင် ပျော်ရွှင်မယ်။

အကောင်းဆုံးနှင့်အရေးကြီးဆုံးအရာက ဘာတွေလဲ?

မဿဲ၊၂၂း၃၆–၃၈ မှာ၊ ယေရှုခရစ်တော်ပြောကြားခဲ့တဲ့ .. "သင်၏ ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံး အကြွင်းမဲ့ ညာဏ်ရှိသမျှနှင့် ချစ်လော့၊ ဤပညတ်သည် ပဌမပညတ်ဖြစ်၏။ ကြီးမြတ်သော ပညတ်လည်း ဖြစ်၏။

ထိုမှတပါး ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့ ဟူသော ဒုတိယပညတ်သည် ပဌမပညတ်နှင့် သဘောတူ၏။

ဤပညတ် နှစ်ပါး တို့ကား ပညတ္တိကျမ်းနှင့်အနာဂတ္တိကျမ်း ရှိသမျှတို့၏ အချုပ်အခြာပင်ဖြစ်သတည်း" ဆိုထားသောကြောင့် ပြုမူလုပ်ဆောင်လေရာတိုင်းမှာ မေတ္တာဆိုတဲ့ ချစ်ခြင်းကို ရှေ့တန်းတင်၍ ဦးစားပေးပါ။ အပြုသဘောနှင့်အလုပ်သဘောအရ ဝတ်ကျေတန်းကျေ လုပ်ဆောင်မှုမျိုးကို ရှောင်ကျင်ရပါမည်။

ဒုတိယအချက်၊— အခြားသူတွေကို မိမိကိုယ်နှင့် မနှိုင်းယှဉ်သင့်ပါဘူး။

ကျန်းမာရေး၊ လူမှုရေး၊ ကျွမ်းကျင်မှု၊ ပင်ကိုယ်စွမ်းရည်များကြောင့် မိမိလုပ်ဆောင်လေရာတိုင်းမှာ အကောင်းဆုံး ပြီးမြောက်နိုင်ပါစေ ဘုရားသခင်ကိုသာ ကျေးဇူးတင်သင့်ပါသည်။ အမှုတော်ဆောင်လုပ်ငန်းကဏ္ဍတစ်ခုခုမှာ တခြားသူတွေ ကိုယ့်ထက်ပိုထိရောက်တဲ့အခါ ဝမ်းသာပေးသင့်တယ်။ သူတို့ရဲ့အစွမ်းအစတွေနဲ့ ဘုရားသခင်ကို ချီးမွမ်းဖို့၊ ဘုန်းတော်ထင်ရှားဖို့သာ အသုံးပြုနေကြလို့ အားပေးပါ။ စိတ်ပျက်သွားအောင် မပြောပါနှင့်။

တတိယအချက်၊— စိတ်နှိမ့်ချကြပါ၊

သူတစ်ပါးကို ကိုယ့်ထက်သာတယ်လို့ သဘောထားပါ။ — ဖိလိပ္ပိ၊၂း၃။

မိမိနှင့်အတူ လုပ်ဖေါ်ဆောင်ဖက် ညီအစ်ကို/အစ်မတွေရဲ့ အရည်အချင်းကောင်းတွေကို ရှာပါ။ မစုံလင်ကြပေမဲ့ အယောက်တိုင်းမှာ မတူညီတဲ့ နှစ်သက်ဖွယ် အရည်အသွေးကောင်းတွေ ရှိကြပါတယ်။ ဆရာ၊ဆရာမတွေ၊ ခေါင်းဆောင်တွေ အနေနဲ့ မကြာခဏ တည့်မတ်ပေးရတာတွေ ရှိနိုင်တယ်။ ဒါပေမဲ့ တမန်တော်ကြီးရှင်ပေါလု လိုပါပဲ တစ်ယောက်ယောက်ရဲ့စိတ်ဆိုးစရာ အပြော၊ အဆို၊ လုပ်ရပ်တွေကိုပဲ အာရုံစိုက်မနေပါနဲ့။ ၎င်းအစာ ဘုရားသခင်ကို သူတို့ ချစ်တယ်၊ သစ္စာရှိရှိ အမှုဆောင်နေတယ်။ သူတို့ ပြန်လည်ကောင်းလာနိုင်တယ်ဆိုတာကိုဘဲ အာရုံစူးစိုက်သင့်တယ်။ အချင်းချင်းတွေမှာ အကောင်းမြင်တတ်တဲ့စိတ်နေသဘောထားရှိမယ်ဆိုရင် ညီအစ်ကို/အစ်မတွေ နွေးထွေးမှုနဲ့ချစ်ခြင်းမေတ္တာကို ခံစားရပါလိမ့်မယ်။

ဘုရားသခင်က သင်နှင့်ကျွန်ုပ်တို့ကို ပြည့်ဝစုံလင်ဖို့ မတောင်းဆိုပါဘူး။ လူသားတွေရဲ့ အားနည်းချက်ကို သိရှိနေပါတယ်။ သစ္စာရှိကြဖို့ကို တောင်းဆိုတယ်ဆိုတာ သတိရပါ။

စတုတ္ထအချက်၊— ဘုရားသခင်၏အလိုတော်နှင့်အညီလျှောက်လှမ်းပါ၊

ကောလောသဲ၊၁း၁၀။

ဘုရားအမြင်မှာ ဖြောင့်မှန်တာကို လုပ်ချင်တဲ့ ယုံကြည်သူအသက်တာမှာ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး၊ ကိစ္စအားလုံးမှာ အကြွင်းမဲ့ ရိုးသားဖြောင့်မတ် မှန်ကန်ရတယ်။ တရားမျှတမှုကို မြတ်နိုးရတယ်။ တစ်စုံတစ်ယောက် မမျှမတ မမှန်မကန် ဆက်ဆံခံရတာကို လက်ပိုက်ကာ ကြည့်မနေနိုင်ဘူး။ အဘဘုရားသခင် နှစ်သက်လက်ခံမှုကို အပြည့်အဝရချင်လို့ ကိုယ့်ဆုံးဖြတ်ချက်တွေနဲ့ လုပ်ဆောင်မှုတွေကို ဘုရားရှင် ဘယ်လိုသဘောထားမလဲဆိုတာ ထည့်တွက်ကာ လုပ်ဆောင်ကြပါတယ်။

သမ္မာကျမ်းစာမှာ ထာဝရဘုရားသခင်ကို ဖြောင့်မတ်မှုရဲ့မူလတည်ရာ အရင်းအမြစ်၊ "ဖြောင့်မတ်ခြင်းတည်ရာ" လို့ ခေါ်ထားတယ်။

ဖန်ဆင်းပိုင်သအုပ်စိုးတော်မူသောရှင်ဖြစ်တော်မူ၍ ဘုရား၏ပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းခံထားရလို့ ဘုရားရဲ့ဖြောင့်မတ်တဲ့ စံနှုန်းအတိုင်း နေထိုင်နိုင်ပါတယ်။ နေလည်းနေထိုင်ရပါမယ်။ ဘုရားကိုချစ်လို့ အတတ်နိုင်ဆုံး အတုယူကြပါ။—

သခင်ဘုရားနှစ်သက်တော်မူသောအရာသည် အဘယ်အရာဖြစ်သည်ကို သင်ကြလော့။ ဖေက်၊၅း၁၀၊

ပဉ္စမအချက်၊— သမ္မာကျမ်းစာကို နေ့ညဉ့်မပြတ်ကြည့်ရှုဘတ်ရွတ်ပါ၊

စိတ်နှလုံးသွင်းရန်ရွေကျမ်းချက်များ၊

ယောရှု၊၁း၈၊— ထိုပညတ္တိကျမ်းစာ၌ ရေးထားသမျှအတိုင်း ကျင့်မည်ဟု စောင့်ရှောက်ခြင်းအလို့ငှါ ကျမ်းစာကို မဘတ်မရွတ်ဘဲမနေ၊ နေ့ညဉ့်မပြတ် ကြည့်ရှု ဘတ်ရွတ်ရမည်။ သို့ပြုလျှင်၊ သင်သည် အကြံထမြောက်၍ အောင်မြင်လိမ့်မည်။ ငါသည် သင့်ကိုမစွန့်၊ သင့်ကိုပစ်၍မထား။ အားယူ၍ရဲရင့်ခြင်းရှိလော့။

ဝကောဝ၄း၁–၂ မှာ၊– ခရစ်တော်၏အစေအပါးကဲ့သို့၎င်း၊ ဘုရာသခင်၏နက်နဲသော အရာတို့ကို စောင့်သောဘဏ္ဍာစိုး ကဲ့သို့၎င်း၊ သူတပါးသည် ငါတို့ကိုမှတ်ပါစေ။ ထိုမှတပါး၊ ဘဏ္ဍာစိုးမည်သည်ကား၊ သစ္စာရှိရမည်။ ဆိုထားသကဲ့သို့ပင် ကျွန်ုပ်တို့၏လုပ်ဆောင်မှုကိုလည်း တန်ဖိုးထားလေးမြတ်မယ်ဆိုတာ စိတ်ချနိုင်တယ်။ သင်နှင့်ကျွန်ုပ်တို့ရဲ့လုပ်ဆောင်ပါဝင်မှုတွေ အားဖြင့် ဘုရားသခင်၏နာမတော်ကို ဖေါ်ကျူးပြသနေတဲ့မေတ္တာ ဆိုတာကို စိတ်ချပါ။

ရောမ၊၁၂း၁–၂၊–

ညီအစ်ကိုတို့၊ အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင် နှစ်သက်တော်မူဘွယ်သော လက္ခဏာနှင့် ပြည့်စုံသောယဇ်ကို သင်တို့သည် ပူဇော်၍၊ မိမိကိုယ်ခန္ဓာကို ဘုရားသခင်အား ဆက်ကပ်ခြင်းတည်း ဟူသော သင်တို့ပြုအပ်သောဝတ်ကို ပြုမည်အကြောင်း ဘုရားသခင်၏ကရုဏာ တော်ကို ထောက်ထား၍၊ သင်တို့ကို ငါတိုက်တွန်း နှိုးစော်ပေး၏။ သင်တို့သည် လောကီပုံသဏ္ဍာန်ကို မဆောင်ကြနှင့်။ ကောင်းမြတ်သောအရာ၊ နှစ်သက်ဘွယ်သောအရာ၊ စုံလင်သောအရာဟူတည်းဟူသော ဘုရားသခင် အလိုတော်ရှိသော အရာသည် အဘယ်အရာ ဖြစ်သည်ကို သင်နိုင်မည်အကြောင်း၊ စိတ်နှလုံး ကို အသင့်ပြင်ဆင်၍ ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ ရောက်ကြလော့။


ဟေဗြဲ၊ဖ်း၁၀–၁၂ ။– ချစ်သူတို့၊ သင်တို့သည် ကယ်တင်ခြင်းနှင့် ယှဉ်သောအရာ၊ သာ၍ ကောင်းသောအရာတို့နှင့်ဆိုင်သည်ကို၊ ငါတို့သည်သဘောကျလျက်ရှိကြ၏။ အကြောင်းမူကား၊ သင်တို့သည် သန့်ရှင်းသူတို့ကို အထက်ကလုပ်ကျွေးသည် သာမက ၊ ယခုပင် လုပ်ကျွေးခြင်းအမှု ကို၎င်း၊ ထိုသို့ပြုသောအားဖြင့် နာမတော်ကိုထောက်၍ပြသော မေတ္တာကို၎င်း၊ ဘုရားသခင်သည် မေ့လျော့သည်တိုင်အောင် အဓမ္မအမှုကို ပြုတော်မူသည်မဟုတ်။ သင်တို့ရှိသမျှသည် ပျင်းရိခြင်း နှင့်ကင်းလွတ်၍၊ ယုံကြည်ခြင်းနှင့်သည်းခံခြင်းအားဖြင့် ဂတိတော် တို့ကို အမွေခံရသော သူတို့ နည်းတူကျင့်နိုင်မည် အကြောင်း၊ ထိုသို့သော လုံ့လဝီရိယကို အားထုတ်၍၊ အဆုံးတိုင်အောင် ယုံမှားခြင်းနှင့်ကင်းသော မြော်လင့်ခြင်းနှင့် ပြည့်စုံစေခြင်းငှါ ငါတို့သည် အလိုရှိကြ၏။

ဆုတောင်းချက်၊– ကျွန်ုပ်တို့သည် မိမိကိုယ်ကို ပြန်လည်ကာ ဆန်းစစ်ခြင်းဖြင့် ၂၀၂၄ နှစ်သစ်မှာ အောင်မြင်ခြင်း၊ ပျော်ရွှင်ခြင်း၊ ငြိမ်းချမ်းခြင်းကို ရှိရပါမည့်အကြောင်း ချစ်လှစွာသောဘုရားသခင်၊ ကိုယ်တော်ရှင်နှစ်သက်သောအရာကို ကျွန်ုပ်အထဲ၌ အသစ်ပြုပြင်ဆောင်ရွက်တော်မူပါ .. ဘုရား။ အာမင်။ ။






# နှစ်သစ်ဆုတောင်းပဌာနာ



အို–အဖဘုရားသခင်..


၂၀၂၃နှစ် တစ်နှစ်တာလုံးကို ပြန်လည်ကာ တွေးမြင်ကြည့်မိသည့်အခါ၊ ကျွန်တော်/ကျွန်မ တို့နှင့်အတူ တစ်နှစ်ပတ်လုံး အဖဘုရားသခင် အဆက်မပြတ် အတူတကွ အစဉ်အမြဲရှိနေခြင်းအတွက် ကျေးဇူးတင်ပါသည်။ အဖဘုရားသခင်သည်သာ ကျွန်ုပ်တို့၏လိုအပ် သောအရာများကို ဖြည့်ဆည်းပေးပြီး ဘဝ၏အသက်တာ အလှည့်အပြောင်းတွေကို လမ်းပြကာ ပို့ဆောင်ပေးသော ခံရပ်နိုင်အောင် အကွယ်အကာပေးသော ခိုလှုံရသော ကျွန်ုပ်တို့၏ရဲတိုက် ဖြစ်ပါ၏။ စိုးရိမ်ကြောက်လန့်မှုများတွေ့ကြုံရလည်း အဖဘုရားသခင်သည် ခိုင်ခံ့သောကျောက်ဆူး ဖြစ်ပါ၏။ နေ့စဉ်အသက်တာမှာ ရယ်မောခြင်း၊ ကူညီမစခြင်း၊ပေးကမ်းစွန့်ကြဲခြင်း၊သက်သေခံခြင်း၊ လုပ်ရပ်များတွင်လည်း ကျွန်ုပ်တို့ကို လမ်းညွှန်သင်ပေးမည့်သောသူများ ချပေးသဖြင့် ကျေးဇူးတင် ပါသည်။ ထိုသူတို့ကို စောင့်ရှောက်တော်မူပါမည့်အကြောင်း ဆုတောင်းပါ၏။

၂၀၂၄ နှစ်သစ်ကို ကျန်းမာပျော်ရွှင်စွာဖြင့် လျှောက်လှမ်းနိုင်ရန် ခွန်အားတွေပေးပါမည့် အကြောင်း ယုံကြည်စွာနှင့်ဆုတောင်းခံပါသည် .. အဘဘုရား။ ကျွန်ုပ်တို့၏နှလုံးသားကိုလည်း သန့်ရှင်းစင်ကြယ်စေမူပါ။ ကိုယ်တော်ရှင်၏အလိုတော်နှင့်အညီ သက်ရှင်လိုပါ၏။ ကျွန်ုပ်တို့၌ အတားအဆီးဖြစ်စေသော အရာများကို ဖယ်ရှင်းဖယ်ထုတ်ပြီး အဘဘုရား၏ ချစ်ခြင်းမေတ္တာကို ရောင်ပြန်ဟပ်သည့်အဖြစ်သို့ရောက်ရန် ပုံသွင်းပြုပြင်တော်မူပါ။

၂၀၂၄ ခုနှစ်တွင် အတားအဆီးများကို ကျော်လွှားပြီး အကျွန်ုပ်တို့အား ဘေးအန္တရာယ် အပေါင်းတို့မှ ကာကွယ်တော်ပါ။ အဘဘုရားသည်သာလျှင် အကျွန်ုပ်တို့၏ခိုလှုံရာ၊ အကျွန်ုပ်တို့ ၏ရဲတိုက်၊ အကျွန်ုပ်တို့ကိုးစားသောဘုရားသခင် ဖြစ်တော်မူပါ၏။ အကျွန်ုပ်တို့၏အိမ်ထောင်ရေး၊ မိသားစုများ၊ အလုပ်အကိုင်များနှင့်ငွေကြေးများကိုလည်း ကိုယ်တော်၏အကာအကွယ်အောက် တွင် လုံခြုံမှုရှိစေမူပါ။ ရှေ့ဆက်ရမည့် အခွင့်အရေးများအတွက်လည်း ကျေးဇူးတင်ပါသည်ဘုရား။

ဧဝံဂေလိသတင်းကောင်းကို အခြားသူများထံ ဝေမျှပြောကြားရန် မီးရှူးတန်ဆောင်အဖြစ် ကျွန်ုပ်အား အသုံးပြုမူပါမည့်အကြောင်း လက်တော်သို့ ဆက်ကပ်အပ်နှံပါ၏။ အကျွန်ုပ်၏အတ္တနှင့် မာန်မာန၊ လောဘ၊ဒေါသနှင့်မောဟ၊ တစ်ကိုယ်ကောင်းဆန်သောဆန္ဒများ၊ ကြောက်ရွံ့မှုများနှင့် စိုးရိမ်ပူပန်များကို သန့်ရှင်းသောဝိညာဉ်တော် ကူညီစောင်မခြင်းဖြင့်၎င်း၊ လမ်းပြမှုဖြင့်၎င်း၊ ပြုပြင် တော်ပါ။ ဇာတိပကတိကို၎င်း၊ ဇာတိပကတိစိတ်များနှင့် အလိုဆန္ဒများကို၎င်း၊ ပယ်ဖျောက်လျက် ဝိညာဉ်ပကတိအလိုအတိုင်း အသက်ရှင်လိုပါ၏။ မစတော်မူပါမည့်အကြောင်း သခင်ယေရှုခရစ် တော်၏မြတ်နာမတော်၌ ဆုတောင်းပါ၏။ .. အဘဘုရား။ .. အာမင်။

# ဘုရားရှင်၏အသင်းတော်



တီဇက် (B.C.F.)

- ကျေးဇူးရှင်အဘဘုရား၊
  သခင့်နာမ၌တည်၊ဤအသင်းတော်သည်
  နှစ်သစ်တစ်နှစ်၊ထပ်မံတိုးလို့
  ၄၇နှစ်သို့ရောက်လာပြီ။

- လွန်ခဲ့နှစ်များကာလတွင်း၊သင်းတော်ကြီးလည်း၊
  မာန်နတ်စာတန်၊တိုးဝင်နှောက်လို့၊
  အလူးလူးအလဲလဲ၊လှိမ့်ပိတ်ခံရ။

- ကျည်ဆံကုန်လည်း၊အလံဖြူမပြ၊
  ကြမ်းတမ်းထူထဲ၊လမ်းခရီးလည်း၊
  မရှောင်လွှဲနိုင်၊လျှောက်လှမ်းခဲ့ရ။

- ကြုံဆုံသမျှ၊ဝေဒနာဒုက္ခ၊
  ကြွကြွခံလို့၊မလဲမယိုင်၊
  သွားမြဲ၊သွားကာ၊သွားခဲ့သည်မှာ၊
  စစ်မှန်သည့်ဘုရားရှင်မေတ္တာ
  လွှမ်းမိုးဝေဖြာ၊ကောင်းကြီးကြောင့်သာ၊
  မားမားမတ်မတ်ရပ်တည်နိုင်ခဲ့။

- ရှေ့လျှောက်ခရီး၊ဆက်မြဲဆက်ကာ၊
  ဒုက္ခရန်စွယ်၊ကြုံလာဆုံလည်း၊
  ဆက်သာကျော်လွှား၊ဘုရားရှင်ဦးဆောင်လျက်ပါ။

- ဘယ်မျှစာတန်၊စုံစမ်းနှောက်ယှက်၊
  မုန်တိုင်းစဲက၊လေပြေလာသလို
  အမြဲထာဝရ၊ကောင်းကြီးမိုးများသွန်းလောင်းဝေဖြာ။

- ထို့ကြောင့်၊ထို့ကြောင့်၊ထို့ကြောင့်၊
  သင်းတော်တွင်းမှ၊ကျွန်ုပ်တို့လည်း၊
  ချစ်ချင်းမေတ္တာ၊လက်ကိုင်ပြုကာ၊နားလည်ခွင့်လွှတ်ပါ။

- တစ်ဦးလဲလို့တစ်ဦးထူ၊ဖေးမခွန်အားယူ၊
  တစ်ထောင့်တစ်နေရာမှ၊အုပ်တစ်ချပ်သဲတစ်ပွင့်ပမာ၊
  မထိုက်တန်ငြားလည်း၊ဆက်ကပ်အပ်နှံကာ၊
  စည်းလုံးညီညာ၊လက်ချင်းချိတ်လို့၊
  ဘုရားရှင်နိုင်ငံ၊ထွန်းလင်းဖို့ရန်၊
  အသင်းတော်နှင့်အတူခရီးဆက်ကြပါစို့။